PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

၂၀၁၄ ခုနှစ် ဖူးလ်ဘရိုက် နိုင်ငံရပ်ခြားကျောင်းသား ပညာသင်ဆု အစီအစဉ်အတွက် လျှောက်ထားနိုင်ပါပြီ

ဖူးလ်ဘရိုက် နိုင်ငံရပ်ခြားကျောင်းသားအစီအစဉ်ကို ဝင်ရောက်လျှောက်ထားယှဉ်ပြိုင်နိုင်ကြောင်း အမေရိကန်သံရုံး၊ ရန်ကုန်က ကြေညာအပ်ပါသည်။ ယင်းအစီအစဉ်မှာ ၂၀၁၄-၁၅ ပညာသင်နှစ်အတွက်ဖြစ်ကာ အမေရိကန် ပြည်ထောင်စုရှိ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပြီး မဟာဘွဲ့ရယူလိုသော မြန်မာကျောင်းသား/သူများကို ပညာသင်ထောက်ပံ့ကြေး အပြည့်အဝပေးသွားမည်ဖြစ်ပါသည်။

အရည်အချင်းပြည့်မီသူ မည်သူမဆို လျှောက်ထားယှဉ်ပြိုင်နိုင်သော အစီအစဉ်ဖြစ်ပါသည်။ လျှောက်ထားသူ၏ ခေါင်းဆောင်မှုပေးနိုင်မည့် အလားအလာ၊ ပညာရည်ထူးချွန်မှု၊ ရင့်ကျက်မှု၊ အမေရိကန်လူနေမှုဘဝတွင် နေသားတကျဖြစ်ရန် ထိန်းညှိနိုင်မှုနှင့် အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများ၏ ပြည်သူများအကြား အပြန်အလှန် နားလည်မှုတိုးတက်ရေး ဖော်ဆောင်နိုင်မှု အစရှိသော အရည်အချင်းများပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်ပါသည်။ ဖူးလ်ဘရိုက် နိုင်ငံရပ်ခြားကျောင်းသား အစီအစဉ်သည် အရွေးချယ်ခံ ကျောင်းသား/သူများအတွက် ပညာရေးစရိတ်၊ နေရာထိုင်ခင်းစရိတ်၊ အခြေခံကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့်၊ စာအုပ်စာတမ်းကြေး၊ ခရီးစရိတ်နှင့် ဖူးလ်ဘရိုက် အထောက်အကူပြုအစီအစဉ်များ တက်ရောက်ခွင့်ကို ကျခံပေးသွားမည် ဖြစ်ပါသည်။

လျှောက်ထားသူသည်

- မြန်မာနိုင်ငံသား ဖြစ်ရပါမည်။ အခြားနိုင်ငံများမှ နိုင်ငံသားများသည် မြန်မာနိုင်ငံမှ လျှောက်ထားခွင့်မရှိပါ။
- ဘွဲ့တစ်ခုခု ရရှိထားပြီးသူ ဖြစ်ရပါမည်။
- ပညာရည်အဆင့် မြင့်မားပြီး ထူးချွန်မှုမှတ်တမ်းများရှိသူ ဖြစ်ရပါမည်။
- အင်္ဂလိပ်စာ TOEFL အနိမ့်ဆုံးရမှတ် ၅၇၅ သို့မဟုတ် IELTS ၆.၅ နှင့် အထက် ရရှိထားသူ ဖြစ်ရပါမည်။
- လျှောက်ထားသည့် ဘာသာရပ်နှင့် သက်ဆိုင်သော ဘွဲ့ရရှိထားသူ သို့မဟုတ် သက်ဆိုင်သောလုပ်ငန်း အတွေ့အကြုံ ရှိထားသူ ဖြစ်ရပါမည်။
- အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ဖူးသူ သို့မဟုတ် ရောက်ဖူးသူ မဖြစ်ရပါ။
- အမေရိကန် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ သို့မဟုတ် ဘွဲ့သင်တန်းအတွက် ကျောင်းအပ်ထားသူ မဖြစ်ရပါ။

အရေးကြီးသည်မှာ ဂျေ-ဒီဇာ လိုအပ်ချက်အရ အရွေးချယ်ခံရသူများသည် အစီအစဉ်ပြီးဆုံးသည့်အခါ မိခင်နိုင်ငံသို့ ပြန်လာ၍ အနည်းဆုံး နှစ်နှစ် နေထိုင်ပေးရမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၃ ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို http://Burma.usembassy.gov/scholarships.html သို့မဟုတ် ၁၁၀၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ် မြို့နယ်ရှိ အမေရိကန်သံရုံး ပြည်သူ့ရေးရာဌာန၊ ယဉ်ကျေးမှုဌာနခွဲ၊ ဖုန်း ၅၃၆၅၀၉၊ ၅၀၅၁၁၃ လိုင်းခွဲ ၄၃၆၉၊ အီးမေးလ် RangoonUSECA@state.gov သို့ ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

ဖူးလ်ဘရိုက်အကြောင်း ရန်ကုန်မြို့တွင် ဟောပြောပါမည်

နေ့ရက်	-	ဧပြီ ၅၊ ၂၀၁၃ ခုနှစ် (သောကြာ) မေ ၃၊ ၂၀၁၃ ခုနှစ် (သောကြာ) ဇွန် ၇၊ ၂၀၁၃ ခုနှစ် (သောကြာ)
အချိန်	-	ညနေ ၅ နာရီ
နေရာ	-	အမေရိကန်စင်တာ၊ အမှတ် ၁၄၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်။

အခြား ဟောပြောမှုအစီအစဉ်များကို ထပ်မံကြေညာပါမည်။